# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 23 , 2024 Volume 74, Number 15

၂၃.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၁ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၉၅၀၀၀ |
| ဒေါ်လာဈေး | = ၃၅၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၈၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၂၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်တွင်းပဲစင်းငုံဈေး စံချိန်တင်ဈေးဖြစ်လာပြီး ဆက်လက်မြင့်တက်နိုင်



အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက် မြင့်မားတာကြောင့် ပြည်တွင်းပဲစင်းငုံဈေးမှာ စံချိန်တင် ပေါက်ဈေးဖြစ်လာပြီး ဆက်လက်မြင့်တက်နိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်သည်။

ဒီဇင်ဘာ လဆန်းပိုင်းကတည်းက တဖြည်းဖြည်းမြင့်တက်လာသည့် ပဲစင်းငုံဈေးမှာ လက်ရှိ ဇန်နဝါရီ ၂၂ ရက်တွင် မန္တလေးကုန်စည်ဒိုင်၌ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀ အထိ စံချိန်တင်ပေါက်ဈေးဖြစ်လာသည်။

အိန္ဒိယပဲကုန်သည်များ၏ ပဲစင်းငုံဝယ်လိုအားကောင်းတာကြောင့် ပဲစင်းငုံထွက်ရှိရာဒေသများအထိ လိုက်လံဝယ်ယူမှုများနှင့်အတူ ရှမ်းပြည်နယ်ထွက် ပဲစင်းငုံများလည်း ဝယ်လိုအားကောင်းနေခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ပါကစ္စတန်နိုင်ငံအပါအဝင် အာဖရိကနိုင်ငံများတွင် သွားရောက်စိုက်ပျိုးသည့် ပဲစင်းငုံအထွက်နှုန်းကျဆင်းမှုနှင့်အတူ သယ်ယူစရိတ်မြင့်မားလာတာကြောင့် အိမ်နီးချင်းမြန်မာနိုင်ငံမှထွက်ရှိသည့် ပဲစင်းငုံကို ရသလောက်ဝယ်ယူမည့်အခြေအနေရှိကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

ပဲစင်းငုံလှိုင်လှိုင်မပေါ်မီကတည်းက ကြိုရောင်းကြိုဝယ်စနစ်ဖြင့် တစ်အိတ်လျှင် ငွေကျပ် ၃,၀၀,၀၀၀ ဝန်းကျင် ဖြင့် ရောင်းချထားသည့် ပဲအိတ်အရေအတွက်များပြားခဲ့ကြောင်း လက်ရှိစံချိန်တင်ပေါက်ဈေးအရ တစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀ အထိ ပေါက်ဈေးရှိလာရာ ကြိုရောင်းသမားအနေဖြင့် ပစ္စည်းအပ်ရန်အခက်ခဲရှိလာနိုင်ပြီး ဆုံးရှုံးမှုများနိုင်ကြောင်း ပဲကုန်သည်များထံက သိရသည်။

"ဇန်နဝါရီ ၂၂ ရက်တွင် မန္တလေးကုန်စည်ဒိုင်၌ ပဲစင်းငုံ ငွေကျပ် ၃,၅၀,၀၀၀ ဈေးဖြင့် စံချိန်တင်ပေါက်ဈေး ဖြစ်လာပါတယ်။ အိန္ဒိယ၏ဝယ်လက်များ နယ်စုံအထိ ဆင်းဝယ်ယူမှုတွေရှိနေပါတယ်။ ယခင်က ကြိုရောင်းကြိုဝယ်ဖြင့် တစ်အိတ်လျှင် ၃,၀၀,၀၀၀ ဝန်းကျင်ပေါက်ဈေးနဲ့ အိတ်ရေထောင်ချီပြီး ရောင်းချထားတာ အခုလို စံချိန်တင်ဈေးမြင့်လာတော့ ကြိုရောင်းသမားတွေ ဒုက္ခရောက်နိုင်ပါတယ်။ လက်ရှိမှာတော့ ဒေသစုံမှ ပဲစင်းငုံအသစ်တွေ ဝင်ရောက်နေပါတယ်။ နယ်ဈေးကွက်အထိ ဆင်းပြီး ဝယ်ယူနေတာကြောင့် ဒီဈေးက ကျဆင်းမှုမရှိနိုင်တော့သလို ဆက်လက်မြင့်တက်ဖို့ပဲ

ရှိပါတယ်”ဟု ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

မန္တလေးကုန်စည်ဒိုင်က ဇန်နဝါရီ ၁ ရက်တွင် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃,၀၅,၀၀၀ သာ ပေါက်ဈေးရှိခဲ့ရာ ဇန်နဝါရီ ၂၂ ရက်တွင် စံချိန်တင်ပေါက်ဈေး ငွေကျပ် ၃,၅၀,၀၀၀ အထိ ပေါက်ဈေးဖြစ်လာပြီး၊ ယင်းပေါက်ဈေးထက် ဆက်လက်မြင့်တက်နိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

၂၀၂၂-၂၀၂၃ ပဲသစ်ရာသီတွင် ပဲစင်းငုံဝယ်လိုအားမှာ အကောင်းကြီးမဟုတ်ခဲ့သော်လည်း ဒေါ်လာဈေးမြင့်တက်မှုကြောင့် ပဲဈေးကောင်းရရှိခဲ့သလို လက်ရှိ ၂၀၂၄ ခုနှစ် ပဲသစ်ရာသီတွင် တောင်သူများအနေဖြင့် စံချိန်တင်ပေါက်ဈေး ရရှိလာခြင်းဖြစ်သည်။

**Source: မကွေးဂျာနယ်**

## ငွေကြေးမူဝါဒ ဖြေလျှော့မှုကြောင့် မြန်မာ့ရော်ဘာ တိုးမြှင့်တင်ပို့ရန် ရည်ရွယ်



ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပဈေးကွက်ထံ မြန်မာ့ရော်ဘာ တန်ချိန် ၃ သိန်းခန့် တင်ပို့နိုင်ဖို့ မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကနေ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရော်ဘာတန်ချိန် ၄ သိန်းခန့် အထွက်နှုန်းရှိခဲ့သော်လည်း တန်ချိန် ၁ သိန်းကျော်သာ ပြည်ပနိုင်ငံတွေထံ တင်ပို့နိုင်ခဲ့တယ်လို့ အသင်းတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က မပို့နိုင်တာက ငွေကြေးမူဝါဒကြောင့် ရော်ဘာပို့ကုန်လုပ်ငန်းရှင်တွေ အရှုံးမှာကျနေတယ်။ ၁ တန်ကို ကျပ် ၈ သိန်းကနေ ၁၀ သိန်းလောက် ရှုံးနေတဲ့အတွက် မတင်ပို့နိုင်တာလို့ဆိုပါတယ်။

လက်ရှိမှာ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက နိုင်ငံခြားငွေထိန်းချုပ်မှုကို ဖြေလျှော့ထားပြီး ပို့ကုန်ရငွေရဲ့ ၇၀ ရာခိုင်နှုန်းကို ပြည်ပဈေးကွက်ပေါက်ဈေးအတိုင်း လွတ်လပ်စွာ ရောင်းချခွင့်ပြုထားပါတယ်။

အဲဒီအထဲမှာ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း စတဲ့ လယ်ယာထွက်ကုန်တင်ပို့မှုမှရရှိတဲ့ နိုင်ငံခြားငွေ ၇၀ ရာခိုင်နှုန်းကို စက်သုံးဆီတင်သွင်းသူတွေထံ ရောင်းချပေးရမှာဖြစ်ပြီး ရော်ဘာတင်ပို့မှုက ရနေတဲ့ နိုင်ငံခြားငွေ ၇၀ ရာခိုင်နှုန်းကိုလည်း ဓာတ်မြေသြဇာတင်သွင်းတဲ့ကုမ္ပဏီတွေအတွက် ရောင်းချပေးဖို့ ညွှန်ကြားထားပါတယ်။

အစိုးရကနေ ဖြေလျှော့ပေးပြီးတော့ ဓာတ်မြေသြဇာတင်သွင်းခွင့်ပေးတဲ့အတွက်ကြောင့် ပို့ကုန်သမားတွေက လုပ်သာကိုင်သာရှိတဲ့ ဈေးနှုန်းလေးရောက်လာလို့ ပို့နိုင်တာလို့ ရော်ဘာအသင်းမှ တာဝန်ရှိသူက ဆက်ပြောပါတယ်။

မြန်မာ့ရော်ဘာကို တရုတ်နိုင်ငံထံ ၇၅ ရာခိုင်နှုန်းအထိတင်ပို့နေရပြီး စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန် စတဲ့ နိုင်ငံတွေကိုလည်း တင်ပို့လျက်ရှိပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ရော်ဘာစိုက်ပျိုးဧက ၁ သန်း ၅ သိန်း ၄ သောင်းရှိပြီး ထုတ်လုပ်မှုဧက ၉ သိန်းခွဲခန့်ရှိပါတယ်။ ရော်ဘာကို မွန်ပြည်နယ်မှာ အများဆုံးထုတ်လုပ်ပြီး တနင်္သာရီတိုင်းနဲ့ကရင်ပြည်နယ်တို့မှာလည်း ထုတ်လုပ်မှုများပြားပါတယ်။

Source: BETV Business

## ရွှေဘိုမြို့၌ နှမ်းဈေးကောင်းရရှိလျက်ရှိပြီး ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၊ တတိယပတ်မှစတင်၍ နှမ်းဖြူနှင့် နှမ်းနက်များဝင်ရောက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ဒုတိယပတ်တွင် ဆက်လက်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် ၁,၁၆,၅၀၀ ကျပ် ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း ၃၆၀၀ တင်း/တန်အားဖြင့်



၈၈ တန်ကိုလည်းကောင်း၊ နှမ်းနက်တစ်တင်းလျှင် ၁,၁၈,၃၀၀ ကျပ် ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း ၆၃၀၀ တင်း/တန်အား ဖြင့် ၁၅၄ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇန်နဝါရီလ ပထမပတ်နှင့် ဇန်နဝါရီလ ဒုတိယပတ်အတွင်း အရောင်း အဝယ်ဖြစ်သည့် ဈေးနှုန်းများကို နှိုင်းယှဉ်ပါက ဇန်နဝါရီလ၊ ပထမပတ်တွင် နှမ်းဖြူတစ်တင်းလျှင် ၁,၀၆,၀၀၀ ကျပ်နှင့် နှမ်းနက်တစ်တင်းလျှင် ၁,၁၃,၀၀၀ ကျပ် ပေါက်ဈေးရှိခဲ့သဖြင့် ဇန်နဝါရီလ၊ ဒုတိယပတ်တွင် နှမ်းဖြူ တစ်တင်းလျှင် ၁၀,၅၀၀ ကျပ်နှင့် နှမ်းနက်တစ်တင်းလျှင် ၅၃၀၀ ကျပ် ပိုမိုရရှိခဲ့ပြီး နှမ်းသီးနှံများ အဝင်များကာ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

Source: DOCA (စစ်ကိုင်း)

Source: https://commerce.gov.mm

## ၂၀၂၄ ခုနှစ်အတွင်း ဆန်တန်ချိန် ၃ သန်း တင်သွင်းမည်ဟု အင်ဒိုနီးရှားဝန်ကြီးပြောကြား

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုလျော့ကျလျက် ဈေးကွက်လိုအပ်ချက် ဖြစ်ပေါ်မှုကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၂၄ ခုနှစ် အတွင်း ဆန်တန်ချိန် ၃ သန်းကို တင်သွင်းခွင့်ပြုမည်ဟု အင်ဒိုနီးရှား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဝန်ကြီး Airlangga Hartarto က ပြောကြားခဲ့ကြောင်း သိရသည်။

အစိုးရအနေဖြင့် ယခုနှစ်တွင် ဆန်တန်ချိန် ၃ သန်းအထိ တင်သွင်းခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ၎င်းအနက် ဆန်တန်ချိန် ၂ သန်းကို နိုင်ငံပိုင်ထောက်ပံ့ပို့ဆောင်ရေး အေဂျင်စီဖြစ်သော Bulog အဖွဲ့က ဝယ်ယူတင်သွင်းရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ယမန်နှစ်၌ ဆန် တန်ချိန် ၃ ဒသမ ၅ သန်းကို တင်သွင်းခွင့်ပြုခဲ့ရာ တန်ချိန် ၃ သန်းရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ဆန်တန် ၅၀၀ ခန့်သည် လမ်းခုလတ်တွင်ကျန်ရှိနေပြီး ယခုလအတွင်း ရောက်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ပြည်တွင်း၌ ဆန်တန်ချိန် ၂ ဒသမ ၃ သန်းခန့် လိုအပ်ချက်ဖြစ်ပေါ်သဖြင့် ပြည်ပမှ ဝယ်ယူ တင်သွင်းခြင်းဖြင့် ဖြည့်ဆည်းရန် ဆုံးဖြတ်ခဲ့ရကြောင်း၊ နိုင်ငံတော်အရန်ဆန် ဖူလုံမှုရှိစေရေးအတွက် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ထံမှ ဆန်တန်ချိန် ၂ သန်းကို ဝယ်ယူတင်သွင်းရန် သမ္မတ ဂျိုကိုဝီဒိုဒိုက အတည်ပြုထားပြီးဖြစ်ကြောင်းဖြင့် ၂၀-၁-၂၀၂၄ ရက်နေ့၊ အနောက်ဂျာဗားပြည်နယ် Garut ခရိုင်၌ မိသားစုများသို့ အစိုးရ၏ ဆန်အထောက်ပံ့ လွှဲပြောင်း ပေးအပ်ပွဲ ပြုလုပ်ရာတွင် ဝန်ကြီး Hartarto က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆန်တင်သွင်းမှုနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားအမျိုးသားစားနပ်ရိက္ခာအေဂျင်စီ (Bapanas) ၏ အကြီးအကဲဖြစ်သူ Arief Prasetyo Adi က အစိုးရ၏ အရန်ဆန်ထားရှိမှု အစီအစဉ်ကို အားကောင်းခိုင်မာအောင် ဆောင်ရွက်ရမည့်အစား ခါးသီးသော အခြားနည်း ရွေးချယ်မှုအဖြစ် ဆန်တင်သွင်းခွင့်ပြုရန် အစိုးရကဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အယ်လ်နီညိုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ပြည်တွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းခဲ့သည့်အခြေအနေကို သိရှိပြီးဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် လအလိုက် ဆန်လက်ကျန်မှာ လျော့နည်းပြီး လိုအပ်ချက်များရှိလာမည်ဖြစ်ကြောင်း၊ ဤအခြေအနေက ဆန်ဈေးနှုန်းများကို မြင့်မားလာစေနိုင်သဖြင့် လိုအပ်သောကြိုတင်စီမံမှုများကို လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း၊ ၎င်းတို့အေဂျင်စီအနေဖြင့် လယ်သမားများ၊ ထုတ်လုပ်သူများနှင့် စားသုံးသူများအကြား ဆန်ဈေးနှုန်းများ ဟန်ချက်ညီမျှမှုရှိစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစောပိုင်းကာလ၌ အစိုးရသည် ၂၀၂၄ ခုနှစ်အတွင်း ဆန်တန်ချိန် ၂ သန်းတင်သွင်းရန် Bulog အဖွဲ့သို့ တာဝန် ပေးအပ်ထားခြင်းဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုကျဆင်းခဲ့သည့် အခြေအနေတွင် ထပ်မံဖြည့်ဆည်းရန် လိုအပ်လာခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် ဆန်လိုအပ်ချက် စုစုပေါင်း တန်ချိန် ၂ ဒသမ ၈၃ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ-ဖေဖော်ဝါရီ ကာလများအတွင်း စံချိန်တင်ရောက်ရှိနိုင်ကြောင်း၊ ဇန်နဝါရီလတွင် ဆန်တန်ချိန် ၁ ဒသမ ၆၁ သန်းနှင့် ဖေဖော်ဝါရီလ၌ တန်ချိန်

၁ ဒသမ ၂၂ သန်းခန့် အသီးသီး လိုအပ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား စာရင်းအင်းဌာနက ခန့်မှန်းထားပါသည်။

**Source: Antara News, 21 Jan 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

## ၁၅ နှစ်အတွင်း အနိမ့်ဆုံးအဖြစ်ကျဆင်းခဲ့သည့် ဟောင်ကောင်အဆောက်အဦရင်းနှီးမြှုပ်နှံမှု ၂၀၂၄ တွင် ပြန်လည်ဦးမော့လာမည်

၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်ပွားခဲ့ချိန်မှစ၍ အနိမ့်ဆုံးအဖြစ် ၂၀၂၃ ခုနှစ်အတွင်း ၂၈ ရာခိုင်နှုန်း (ဟောင်ကောင်ဒေါ်လာ ၃၇ ဘီလီယံ) ဖြင့် ကျဆင်းခဲ့ပြီး ဟောင်ကောင်ဒေသ အဆောက်အဦကဏ္ဍရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၄ ခုနှစ်တွင် ဟောင်ကောင်ဒေါ်လာ ၅၀ ဘီလီယံအထိ တိုးတက်လာမည်ဟု အဆောက်အဦဆိုင်ရာ အတိုင်ပင်ခံ Colliers က ပြောကြားခဲ့ကြောင်း ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၁၈ ရက်နေ့တွင် South China Morning Post သတင်းဌာနမှ “Investment in Hong Kong property set for turnaround in 2024 after hitting 15-year low last year, Colliers says” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

ထိုကဲ့သို့ တိုးတက်လာရန်အတွက် ဒေသအစိုးရက အတိုးနှုန်းလျှော့ချသွားမည့် မျှော်မှန်းချက်နှင့် ဟောင်ကောင်ဒေသအား စီးပွားရေးလုပ်ငန်းများ၏ ရုံးချုပ်များတည်ထောင်ရာနှင့် new capital အတွက် ဗဟိုဌာနတစ်ခုအဖြစ် တိုးမြှင့်ဆောင်ရွက်မှုတို့မှ အထောက်အကူပြုမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

အမေရိကန်ဗဟိုဘဏ်က လာမည့် ၆ လမှ ၉ လအတွင်း အတိုးနှုန်းတည်ငြိမ်ရေး လုပ်ဆောင်သွားမည့် မျှော်မှန်းချက်နှင့်အတူ ဟောင်ကောင်ဒေသအစိုးရ၏ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်သည့် ‘Headquarters Economy’ နှင့် Capital Investment Entrant Scheme [CIES] တို့ကြောင့် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာဖွယ်ရှိသကဲ့သို့ ဟောင်ကောင်ဒေသအား ရင်းနှီးမြှုပ်နှံရာဒေသတစ်ခုအဖြစ် ပြန်လည်ဖန်တီးထူထောင်သွားမည်ဟု Colliers Hong Kong မှ အရင်းအနှီးဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှု၏ Co-head ဖြစ်သူ Thomas Chak ကပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

အမေရိကန်ဒေါ်လာနှင့် ဟောင်ကောင်ဒေါ်လာတို့ ဆက်လက်ချိတ်ဆက်ထားနိုင်ရန် အမေရိကန်ဗဟိုဘဏ်မှ အတိုးနှုန်းမြင့်တင်မှုနှင့်အတူ ၂၀၂၂ ခုနှစ်၊ မတ်လမှစတင်၍ လိုက်ပါမြှင့်တင်ခဲ့သည့် ဟောင်ကောင်ဒေသအတိုးနှုန်းသည် ၅ ဒသမ ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်လျက်ရှိပါသည်။ ထိုကဲ့သို့ ၂၂ နှစ်အတွင်း အမြင့်ဆုံးအဖြစ် အတိုးနှုန်းမြင့်တက်မှုကြောင့် အဆောက်အဦအရောင်းအဝယ် ၆၅ ခုခန့်သာပြုလုပ်နိုင်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

စတုတ္ထသုံးလပတ်အတွင်း တန်ဖိုးမြင့်ရုံးခန်းများ ရောင်းဝယ်မှုများကြောင့် ၂၀၂၃ ခုနှစ် ရုံးခန်းအဆောက်အဦပိုင်း၌ ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၅၇ ရာခိုင်နှုန်းရှိကြောင်း၊ ရုံးခန်းငယ်များ ရောင်းဝယ်မှုတန်ဖိုးမှာ ယခင်သုံးလပတ်ကာလထက် ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အခြားတစ်ဘက်တွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာမှု ကြောင့် လက်လီရောင်းဝယ်မှု၌ အပြုသဘောဆောင်သည့် အခြေအနေနှင့်အတူ ကျွမ်းကျင်သူများနှင့် တရုတ်ပြည်မမှ ကျောင်းသားများ လာရောက်မှုကြောင့် Accommodation assets ရောင်းဝယ်မှုမှာ ဆက်လက်အကျိုးဖြစ်ထွန်းနေပြီး အရင်းအနှီးတန်ဖိုး ၅-၈ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ရေးသားဖော်ပြထားသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Jan. 2024

### Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 253 | 2,201,100 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,169 | 3,390,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 5 | 39,500 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,550 | 1,550 | 1,550 | 562 | 871,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +100 | +4.17% | 2,500 | 2,500 | 2,500 | 52 | 130,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | -50 | -2.50% | 2,000 | 2,000 | 1,900 | 311 | 591,300 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 50 | 235,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 5,040 | 8,570,000 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 22nd Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.77 | -1.27 | -0.35% | 367.72 | 367.72 | 365.24 | 7,442 | 16,028,100 | 8 | 689,918 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 22nd Jan. 2024

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

## Main Board

As of 1:00 pm, 22nd Jan. 2024

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

| MYANPIX | 365.77 ▼ 1.27 |
|---|---|
| Total Volume (shares) | 7,442 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,918 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 100 |
| EFR | 00006 | 1,950 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |